မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

April 3 , 2026 Volume 101 , Number 3

၃. ၄. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၃.၀၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၆၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၉.၃၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၁.၀၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၀.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၃ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်နှင့်နှမ်းတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် တိုက်တွန်း



နိုင်ငံအတွင်းစိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်နှင့် နှမ်းတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုက်တွန်းပြောကြားခဲ့ပါတယ်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက်အရ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိပြီး အဓိကအားဖြင့် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်း ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီများတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မှာဖြစ်ကြောင်း ဧပြီ ၁ ရက်နေ့ကနေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့တဲ့ စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး အစည်းအဝေးမှာ ၎င်းက ထည့်သွင်းပြောကြားခဲ့တာ ဖြစ်ပါတယ်။

"စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်တဲ့ ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများ လက်ဝယ်သို့ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေဖို့ ထောက်ပံ့ပေးတာနဲ့ အခွန်အခကောက်ခံတာတွေကို တတ်နိုင်သမျှလျှော့ချပေးမှုကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ပြည်သူများရဲ့ စားရေရိက္ခာဖူလုံရေးအတွက် အဓိကထားကြိုးပမ်းဆောင်ရွက်သွားကြဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ

ဖြည့်ဆည်းဆောင်ရွက်ပေးသလို တောင်သူများဘက်မှလည်း အတတ်နိုင်ဆုံးကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုပါတယ်"လို့ ယာယီသမ္မတက ပြောကြားခဲ့ပါတယ်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ ဒသမ ၃ သန်းကိုအခြေခံ၍ တစ်ဦးလျှင် တစ်နှစ် ဆီ ၆ ပိဿာ (သို့) ၉ ဒသမ ၆ ကီလိုဂရမ်စားသုံးသည်ဟု ယူဆတွက်ချက်ပါက နိုင်ငံတော်၏ နှစ်စဉ် စားသုံးဆီ လိုအပ်ချက်မှာ ဆီတန်ချိန် ၅ ဒသမ ၀၃ သိန်း ရှိနေတယ်လို့ သိရပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ဆီထွက် သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းနှင့် ပဲပုပ်တို့ရဲ့ စိုက်ဧက ၈,၆၉၁,၁၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စိုက်ဧကများရဲ့အထွက်နှုန်းအရ မျိုးအလေအလွင့်နှင့် အခြားသုံးများချန်ပြီး ဆီကုန်ကြမ်းများကိုကြိတ်ခွဲပါက စားသုံးဆီတန်ချိန် ၈ ဒသမ ၆ သိန်းခန့် ထွက်ရှိနိုင်မည်ဟု ခန့်မှန်းတွက်ချက်ထားတယ်လို့လည်း သိရပါတယ်။

**Source : Myanmar Future News Agency**

## နှစ်စဉ်တန် ၁ သန်းကျော်တင်သွင်းနေရသည့် ဓာတ်မြေသြဇာများ လာမည့်ဘဏ္ဍာနှစ်တွင် ဈေးနှုန်းမြင့်ကာ အဝယ်ခက်လာနိုင်



နှစ်စဉ် တန် ၁သန်းကျော်တင်သွင်းနေရသည့် ဓာတ်မြေသြဇာများ လာမည့်ဘဏ္ဍာနှစ်တွင် ဈေးနှုန်းမြင့်တက်မှုနှင့်အတူ ဝယ်ယူရန်ခက်ခဲလာနိုင်ကြောင်း စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်တစ်ဦးကသုံးသပ်ပြောကြားသည်။

လက်ရှိ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် အီရန်-အမေရိကန်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံ၏ ဓာတ်မြေသြဇာ တင်သွင်းမှုအပေါ် ရိုက်ခတ်မှုရှိလာကာ ဝယ်ယူရရှိမှုသည်လည်း ယခင်ထက် ခက်ခဲလာကြောင်း သိရသည်။

" ဓာတ်မြေသြဇာအခက်အခဲက လက်ရှိကိုဖြစ်နေတာ၊ ဈေးနှုန်းအားဖြင့်လည်း မြင့်တက်သွားတယ်။ ဝယ်ယူရရှိမှုလည်း ခက်ခဲတယ်။တချို့နိုင်ငံတွေက တင်ပို့မှုပိတ်လိုက်တာကိုး၊ ဒါကလည်း အချိန်ကာလတစ်ခုအထိပဲလို့ယူဆရတာပေါ့၊ စောင့်ကြည့်ရမှာပေါ့၊ နောက်တစ်ခု စက်သုံးဆီလိုပေါ့နော်၊ ပြည်တွင်းမှာလည်း ထိုက်သင့်တဲ့လက်ကျန်တော့ ရှိတာပေါ့နော်" ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံအနေဖြင့်ပြည်ပမှ ဓာတ်မြေသြဇာတင်သွင်းရာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ၁၁၁,၃၅၀ တန်၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၁,၀၃၉,၇၉၁တန်၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁,၆၄၆,၈၈၄တန်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ၁,၂၀၆,၆၂၈ တန်နှင့်၂၀၂၅-၂၀၂၆ယခုဘဏ္ဍာနှစ်တွင်၁,၃၂၁,၃၉၈တန်ရှိခဲ့ကြောင်းသိရသည်။

ယင်းတင်သွင်းမှုအခြေအနေသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အားနည်းသော်လည်း မြင့်တက်လာသည့် ကမ္ဘာ့ဓာတ်မြေသြဇာဈေးကြောင့် ဝယ်ယူသုံးစွဲမည့်တောင်သူများအနေဖြင့် ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာနေကြောင်းလည်း ၎င်းက ဆိုသည်။

" ကျွန်တော်တို့နိုင်ငံကဓာတ်မြေသြဇာတင်သွင်းမှုရောထုတ်လုပ်မှုရောကအိမ်နီးချင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် အားနည်းတယ်၊ လက်ရှိကမ္ဘာ့နိုင်ငံရေးအခြေအနေတွေ လက်ရှိဖြစ်ပေါ်နေတဲ့တင်းမာမှုတွေနဲ့ ဈေးနှုန်းကြီးမြင့်မှုတွေကလည်း ဘယ်လောက်

ကြာမယ်မှန်းမသိပေမဲ့ ကြီးမားတဲ့စိန်ခေါ်မှုပဲ၊ တချို့နိုင်ငံတွေကိုဆိုရင် ဓာတ်မြေသြဇာတင်ပို့မှု ပိတ်လိုက်ပြီပေါ့နော်။ ဥပမာ တရုတ်နိုင်ငံဆိုရင် ဓာတ်မြေသြဇာတင်ပို့မှုပိတ်လိုက်ပြီ၊ တရုတ်ကနေ ဓာတ်မြေသြဇာဝယ်ဖို့ခက်သွားပြီ။ အရင်ကခွင့်ပြုထားတဲ့ ဟာတွေလောက်ပဲ ဝယ်လို့ရမယ်ပေါ့နော်၊ အဲဒီလိုပဲ ဗီယက်နမ်တို့ဘာတို့ကလည်း ဓာတ်မြေသြဇာဈေးနှုန်းတွေမြင့်တက်သွားပြီ" ဟုၝင်းကပြောသည်။

ကမ္ဘာ့ဓာတ်မြေသြဇာဈေးကွက်သည် ယခင်ကတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ဝန်းကျင်ရှိခဲ့ရာမှ လက်ရှိတွင် အမေရိကန်ဒေါ်လာ ၇၀၀ ဝန်းကျင်အထိ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့်ဓာတ်မြေသြဇာဈေးနှုန်းမြင့်တက်မှုနှင့်လိုအပ်ချက်မြင့်များမှုများကို ပြန်လည်ကုစားနိုင်ရန် ပြည်တွင်းတွင် သဘာဝ မြေသြဇာနှင့် ဇီဝမြေသြဇာများကိုလည်း တိုးချဲ့ထုတ်လုပ်သင့်ကြောင်းလည်း ၎င်းကအကြံပြုထားသည်။

ပြည်တွင်းထုတ်လုပ်မှုအနေဖြင့်လည်း ယခု ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ၃၉၁,၀၇၇ တန်ထုတ်လုပ်ခဲ့ရာ ဓာတ်မြေသြဇာ သုံးစွဲမှုသည် ၁,၉၁၂,၄၇၅ တန်ရှိခဲ့ကြောင်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

Source :https://www.npnewsmm.com/

## အိန္ဒိယက မတ်ပဲနှင့်ပဲစင်းငုံ အကောက်ခွန်မဲ့ တစ်နှစ်တင်သွင်းခွင့်ပြု



အိန္ဒိယအစိုးရက မတ်ပဲနဲ့ပဲစင်းငုံကို အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ တစ်နှစ်တိတိ တင်သွင်းခွင့်ပြုလိုက်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက မတ်လ ၃၁ ရက်မှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ပါတယ်။

၂၀၂၇ ခုနှစ် မတ်လအထိ တိုးမြှင့်လိုက်တဲ့ အိန္ဒိယရဲ့ ပဲတင်သွင်းခွင့်မူဝါဒက မြန်မာနိုင်ငံမှ ပဲမျိုးစုံစိုက်ပျိုးသူများအတွက် အကျိုးရှိစေမှာဖြစ်ကြောင်း အိန္ဒိယသံရုံး(မြန်မာ)က ပြောပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကနေ မတ်ပဲနဲ့ ပဲစင်းငုံကို အကောက်ခွန်မဲ့ တင်သွင်းမဲ့ နားလည်မှုစာချွန်လွှာ MoU ကို ၅ နှစ် သက်တမ်းတိုးဖို့ ဆုံးဖြတ်ထားတဲ့အကြောင်း The Indian Express သတင်းဌာနက ဖော်ပြထားတာ ရှိပါတယ်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ကနေ စတင်ပြီး နောက်ထပ် ၅ နှစ် ပဲတင်သွင်းခွင့်မူဝါဒကို သက်တမ်းတိုးမှာဖြစ်ပြီး ပဲစင်းငုံ တန်ချိန် ၁ သိန်းကိုလည်း ထပ်တိုးဝယ်ယူဖို့ရှိတဲ့အကြောင်း ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာ MoU အရ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ် မတ်ပဲတန်ချိန် ၂ သိန်းခွဲနဲ့ ပဲစင်းငုံ တန်ချိန် ၁ သိန်း ဝယ်ယူတင်သွင်းခဲ့ပါတယ်။

ဧပြီလ ၁ ရက်နေ့ ဘုရင့်နောင်ကုန်စည်ဒိုင်(ရန်ကုန်)မှာ ဖြစ်ပေါ်နေတဲ့ ဈေးကွက်ပေါက်ဈေးအရ မတ်ပဲ FAQ/RC တစ်တန် ကျပ်သိန်း ၃၀ အထက်မှာရှိနေပြီး ပဲစင်းငုံနီ RC တစ်တန်ဈေးကလည်း ကျပ် ၃၁ သိန်းနီးပါး ပေါက်ဈေးရှိနေပါတယ်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကိုကြည့်ရင် ၂၀၂၄-၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး လာမဲ့၂၀၃၀ ခုနှစ်မှာတော့ နှစ်နိုင်ငံကုန်သွယ်မှုကို ဒေါ်လာ ၅ ဘီလီယံအထိ တိုးမြှင့်ဖို့ သဘောတူညီထားပါတယ်။

**Source : BETV Business**

## ပစ္စည်းတင်သွင်းမှုအခက်အခဲနှင့် ဒေါ်လာဈေးအပြောင်းအလဲများကြောင့် EV SKD ထုတ်လုပ်မှု လုံးဝနီးပါးရပ်နားထားရ



ပစ္စည်းတင်သွင်းမှုအခက်အခဲနှင့် ဒေါ်လာဈေးအပြောင်းအလဲများကြောင့် EV SKD ထုတ်လုပ်မှု လုံးဝနီးပါး ရပ်နားထားရကြောင်း EV ကားလောက အသိုင်းအဝိုင်းနှင့်နီးစပ်သူများကပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သည့် EV SKD လုပ်ငန်းများသည် ဒေါ်လာဈေး မြင့်တက်မှုကြောင့် အပိုပစ္စည်း (Spare Parts) များ ပြန်လည်ဝယ်ယူရာတွင် အခက်အခဲရှိနေကာ ပစ္စည်းတင်သွင်းမှုများကို ရပ်နားထားကြရကြောင်းသိရသည်။

"အသစ်ထပ်ထုတ်ဖို့အတွက် Spare Part ဝယ်တဲ့အခါမှာ ရှုံးတဲ့အခါကျတော့ ထပ်မသွင်းတော့ဘူး။ EV SKD သမား တွေ မထုတ်ရဲဘဲနဲ့ အခြေ အနေ၊ ဈေးကွက်ကိုစောင့်ကြည့်နေကြတယ်။ ပစ္စည်းသွင်းရခက်တာရယ်။ ဒေါ်လာဈေး အပြောင်းအလဲကြောင့်ရယ် EV SKDထုတ်လုပ်မှုကို လုံးဝနီးပါးရပ်ထားကြပြီ"ဟု EV ကားဈေးကွက်အခြေအနေ စောင့်ကြည့်လေ့လာသူတစ်ဦး ကပြောသည်။

ထို့ပြင် အရှေ့အလယ်အလယ်ပိုင်းဒေသတွင်ဖြစ်ပွားနေသည့် ကမ္ဘာ့နိုင်ငံရေးပဋိပက္ခများကြောင့် ပြည်တွင်းစက်သုံးဆီ အခက်အခဲဖြစ်ပေါ်နေချိန် EV ကားဝယ်လိုအားလည်းမြင့်တက်၍ အရောင်းပြခန်းအချို့တွင် လက်ကျန်ကားမရှိတော့သည်အထိ အရောင်းသွက်နေကြောင်းလည်း အခြားသော ကားလောကအသိုင်းအဝိုင်းနှင့်နီးစပ်သူက ဆိုသည်။

" တကယ်တင်သွင်းကြရတာလည်း အစီးရေကနည်းတယ်။ အဲဒါကြောင့် ကုန်သွားကြတာ များပါတယ်။ တော်တော် များများကတော့ လက်ကျန် ကားတွေမရှိကြတော့ဘူး။ ပြထားတဲ့ကားတွေ ၂ စီး ၃ စီးလောက်ပဲ ရှိကြတော့တာလေ။ များသောအားဖြင့်ပေါ့။ အပြင်ဝယ်ရောင်းတွေလက်ထဲမှာတော့ ရှိရင်ရှိကြမှာပေါ့။ ရှိရင်တောင် တချို့ကားတွေက သုံးပြီးသားကားတွေရှိကြတာပဲများတယ်။ ကားအသစ်တွေကတော့ မရှိသလောက်ရှားသွားပါပြီ။ အရှေ့အလယ်ပိုင်းကပြဿနာတွေကြောင့် လူတွေက ကြောက်လန့်ပြီး ဝယ်နေကြတာ။တက်သွားတဲ့ဈေးနဲ့ တကယ့်တကယ်ဆုံးရှုံးမှုနဲ့တွက်ကြည့်ရင်တော့ ချင့်ချိန်သင့်တာပေါ့။ ထိုက်သင့်တဲ့ဈေးထက်ကို တအားများတာပေါ့။ဈေးတက်တာကလည်းဝယ်လိုအားများလို့ပေါ့"ဟုၝင်းကပြောသည်။

ထို့ကြောင့် အချို့သော EV Showroom များတွင် ဖွန်လမှ အောက်တိုဘာလအထိ ရောင်းချရန် သတ်မှတ်ထားသော ကားများကိုပင် ကြိုတင်ထုတ်ရောင်းပြီးဖြစ်၍ လက်ရှိတွင် အရောင်းပိတ်ထားရသည့် အခြေအနေသို့ ရောက်ရှိနေကြောင်း သိရသည်။

"တကယ့် Showroom တွေဆိုရင် အရောင်းပိတ်ထားကြပြီ။ ဘာလို့ပိတ်ထားလဲ ဆိုတော့ အရင်မူလဈေးနဲ့ရောင်းရမဲ့ ထုတ်ရမဲ့ဟာတွေက အကုန်လုံးထုတ်တောင်မပြီးသေးဘူး ထုတ်ပြီးသွားပြီ။ ဥပမာ ၆လပိုင်း၊ ၈ လပိုင်းနဲ့ ၁၀လပိုင်းအထိ ရောင်း ရမဲ့ဟာတွေကအစ မရှိတော့ဘူး။ အဲဒီလောက်အထိဖြစ်နေတာ။ အဲဒီနောက်ပိုင်း ထပ်လာဝယ်မဲ့ဟာတွေက ပိတ်ထားတာ။ လက်ထဲမှာ In stock ဘာမှမရှိတော့ဘူး။အပြပဲရှိတော့တာ။အကုန်လုံးက ထုတ်ပြီးသွားပြီ။ အရောင်းဖွင့်သားတွေဖြစ်သွားပြီ" ဟု ၎င်းကပြောသည်။

ထို့ပြင် ဈေးကွက်အတွင်း EV ကားသစ် ရှားပါးလာမှုနှင့်အတူ အပြင်ပေါက်ဈေးမှာ ကုမ္ပဏီသတ်မှတ်ဈေးထက်များစွာ မြင့်တက်နေကြောင်းလည်း EV ကားလောကနှင့်နီးစပ်သူတစ်ဦးက ဆို သည်။

" ကားဈေးတွေကလည်း အခုက သူ့ Brand အလိုက်ဈေးတွေတက်ကုန်ကြတယ်။ နောက်ပြီး အပြင်ရောက်သွားပြီး အပြင်ဈေးတွေ ဖြစ်ကုန်တော့ လက်လှမ်းမမီတော့ဘူး။ Showroom မှာလည်း တချို့ကလည်း အရင်တိုင်းရောင်းနေတာ ရှိတယ်။ တချို့ကလည်း တက်ကြတာပေါ့။ တချို့ကလည်း ဈေးမဖွင့်ဘဲနဲ့ ကားရောက်တော့မှာ အဲဒီအချိန်မှ အဲဒီ ဈေးဆိုတာမျိုး ပြောနေ

ကြတဲ့လူတွေလည်းရှိတာပေါ့"ဟုငင်းကဆိုသည်။

လက်ရှိ EV ကားဈေးကွက်တွင် ယခင် သိန်း ၄၀၀၀ တန်ကားမှာ လက်ရှိကာလအနေ အထားအရ ၂၀ ရာခိုင်နှုန်းအထိ ဈေးနှုန်းမြင့်တက်သွားကြောင်းလည်း သိရသည်။

Source : https://www.npnewsmm.com/

## စဉ့်ကိုင်မြို့နယ်၏ ဆောင်းငရုတ်ထွက်ရှိမှုနှင့်ဈေးနှုန်းဈေးကွက်အခြေအနေ



မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက် ဒေသတစ်ခုဖြစ်သောကြောင့် သီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ ၄င်းသီးနှံများအနက် ဈေးကွက်ဝယ်လိုအားရှိသော ငရုတ်သီးနှံကိုလည်းစီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာကြသည် ။

၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ခရိုင်အတွင်း ဆောင်းငရုတ် စိုက်ဧက ၄၉၉၀ ဧက စိုက်ပျိုးထားရှိပြီး စဉ့်ကိုင်မြို့နယ်တွင် ၁၀၀၃ ဧကစိုက်ပျိုးထားရှိပြီယခုအချိန်တွင်ငရုတ်များစတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရ သည်။

အများဆုံး စိုက်ပျိုးသောမျိုးများမှာ သာမို၊ ဒီမွန်နှင့် ၆၉၂ မျိုးများ ဖြစ်ပြီး အထွက်နှုန်းကောင်းသော ၆၉၂ မျိုးကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ဆောင်းငရုတ်ကို နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင်စတင်စိုက်ပျိုးခဲ့ပြီးမတ်လဆန်းမှစတင်၍ ဆောင်းငရုတ် ၁ ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု ၊ လုပ်သားခအပါအဝင် စုစုပေါင်း ၁၅ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်တွင် ၁ ဧက အထွက်နှုန်းအနေဖြင့် ငရုတ်အခြောက် ပိဿာ ၄၀၀-၄၅၀ ခန့်ထွက်ရှိကြောင်း၊ ငရုတ်သီး အညှာပါအခြောက် ၁ ပိဿာလျှင် ၁၁,၀၀၀ကျပ်၊ ငရုတ်သီးအညှာခြွေ(၁)ပိဿာလျှင် ၁၃,၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ၂၉ သိန်း ကျပ်ခန့် မြတ်ခဲ့ကြောင်း၊ ယခုအချိန်တွင် ငရုတ်ပင်များ အသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း၊ ယခုအချိန်တွင် ဆောင်းငရုတ်များ လှိုင်လှိုင်ထွက်ပေါ်လာချိန်တွင် ဈေးနှုန်းအနေဖြင့် ငရုတ်သီးအညှာပါအခြောက် ၁ ပိဿာလျှင် ၂၂၀၀၀ ကျပ်၊ ငရုတ်သီးအညှာခြွေ(၁)ပိဿာလျှင် ၂၅၀,၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် ငရုတ်သီးများ ထွက်ပေါ်ချိန်တွင် ငရုတ်စိုက်တောင်သူများမှ ပွဲရုံများသို့ တိုက်ရိုက် ရောင်းချကြကြောင်း၊ ၄င်းမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့ များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ပွဲရုံများမှသိရသည်။

**Soure: DOCA မန္တလေး**

## ဖိလစ်ပိုင်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာ ၁ ဘီလီယံ ချေးငွေအတည်ပြု




ကမ္ဘာ့ဘဏ် (WB) သည် ဖိလစ်ပိုင်နိုင်ငံ၏ စားနပ်ရိက္ခာစနစ်တွင် စိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်စွမ်းအား မြှင့်တင်ရန်နှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမှုကို အားကောင်းစေရန် ရည်ရွယ်၍ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ချေးငွေကို အတည်ပြုလိုက်ကြောင်း သိရသည်။

ဝါရှင်တန်အခြေစိုက် အဆိုပါ ငွေချေးအဖွဲ့အစည်းက ၎င်းတို့၏အမှုဆောင်ဒါရိုက်တာများအဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ၏ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများကိုပံ့ပိုးပေးမည့် "ဖိလစ်ပိုင်ရေရှည်တည်တံ့သော စိုက်ပျိုးရေးအသွင်ကူးပြောင်းမှုစီမံကိန်း" (PSAT) အတွက် ရန်ပုံငွေကို တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မကြာ

သေးမီက ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများကို ခေတ်မီအောင် ဆောင်ရွက်ခြင်း၊ စားနပ်ရိက္ခာနှင့် အာဟာရဖူလုံမှုကိုမြှင့်တင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို ကူညီပေးမည်ဖြစ်ကာ တစ်နိုင်ငံလုံးရှိ ဖိလစ်ပိုင်လယ်သမား အနည်းဆုံး ငါးသန်းခန့် အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း သိရသည်။

"ဒါဟာ ဖိလစ်ပိုင်စိုက်ပျိုးရေးကဏ္ဍအတွက် အသွင်ကူးပြောင်းလဲစေမဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုပါပဲ" ဟု ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဌာနခွဲ ညွှန်ကြားရေးမှူး Zafer Mustafaoğlu က ပြောကြားခဲ့ကြောင်း သိရသည်။

PSAT စီမံကိန်းသည် ရာသီဥတုနှင့် ကိုက်ညီသော စိုက်ပျိုးနည်းစနစ်များကို မိတ်ဆက်ပေးမည်ဖြစ်ပြီး ၎င်းတွင် မြေဩဇာနှင့် မျိုးစေ့စီမံခန့်ခွဲမှု မြှင့်တင်ခြင်း၊ရေချွေတာခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချသည့် နည်းပညာများ၊ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှု လျှော့ချခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လယ်သမားများ စိုက်ပျိုးသီးနှံ အမျိုးအစားစုံလင်စေရန်၊ တန်ဖိုးမြင့်သီးနှံများနှင့် ပို့ကုန်လက်မှတ်ထုတ်ပေးသည့် ဓာတ်ခွဲခန်းများကို ပိုမိုလက်လှမ်းမီစေရန် လုပ်ဆောင်ပေးခြင်းဖြင့် လယ်ယာထွက်ကုန်တင်ပို့မှုကို မြှင့်တင်ပေးခြင်း၊ ဈေးကွက်ရရှိမှု တိုးတက်စေခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍကို ခေတ်မီအောင် လုပ်ဆောင်ပေးခြင်းတို့ကိုလည်း ကူညီပေး မည်ဖြစ်ကြောင်း သိရသည်။

PSAT သည်ဘတ်ဂျက်ရေးဆွဲခြင်း၊ အချက်အလက်စီမံခန့်ခွဲမှုနှင့် ဝယ်ယူရေးလုပ်ငန်းစဉ်များကို အားကောင်းစေခြင်းဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာနကို ပိုမိုခေတ်မီလာစေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်သစ်ဟာ လယ်သမားတွေရော စားသုံးသူတွေအတွက်ပါ လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အကျိုးကျေးဇူး တွေပေးစွမ်းဖို့ ရည်ရွယ်ပါတယ်။ စိုက်ပျိုးရေးကုန်ထုတ် စွမ်းအားပိုမိုအားကောင်းလာတာ၊ သီးနှံစုံလင်လာတာ၊ ရာသီဥတုဒဏ်ခံနိုင်ရည်မြင့်တက်လာတာ၊ ရိတ်သိမ်းချိန်လွန်လေလွင့်မှုလျှော့နည်းလာတာနဲ့ လယ်ယာထွက်ကုန် ပြည်ပတင်ပို့မှု တိုးတက်လာတာတွေကတစ်ဆင့်လယ်သမားတွေ ဝင်ငွေပိုရလာမှာပါ။အစိုးရရဲ့အရင်းအမြစ်တွေကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းကလည်း ဒီအကျိုးအမြတ်တွေကို ပိုမိုတိုးပွားစေမှာ ဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ်၏စိုက်ပျိုးရေးဆိုင်ရာ အကြီးတန်းပါရဂူ Mio Takada က ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Philstar**

**DOCA (ရန်ကုန်)**

## ထိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၆ ပို့ကုန်မဟာဗျူဟာ ရေးဆွဲ

ထိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ ဝန်ကြီး Suphajee Suthumpun က ၂၀၂၆ ခုနှစ်အတွက် ပို့ကုန်မဟာဗျူဟာချမှတ်နိုင်ရန် နိုင်ငံပေါင်း ၄၃ နိုင်ငံရှိ ကုန်သွယ်မှုမြှင့်တင်ရေးရုံး ၅၈ ရုံးမှ တာဝန်ခံညွှန်ကြားရေးမှူးများနှင့် အစည်းအဝေးကျင်းပခဲ့သည်။

အာရာရှိများ၏ အဆိုအရ အရှေ့အလယ်ပိုင်း ဒေသသို့ တင်ပို့မှုသည် ထိုင်းစုစုပေါင်းပို့ကုန်၏ ၃ ဒသမ ၇ ရာခိုင်နှုန်းသာရှိသဖြင့် အဆိုပါဒေသ၏ အကျပ်အတည်းသည် ထိုင်းပို့ကုန်အပေါ် တိုက်ရိုက်သက်ရောက်မှုနည်းပါးကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးရုံးများသည် ထောက်ပံ့ပို့ဆောင်ရေးအခက်အခဲများအတွက် ကွက်လပ်ဖြည့်ပေးကာ ဈေးကွက်ချဲ့ထွင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ထိုင်း၊ The Nation သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းသည် အရှေ့အလယ်ပိုင်းဒေသရှိ အီရန်၊ အစ္စရေး၊ UAE၊ ဆော်ဒီအာရေးဗီးယားနှင့် တူကီရဲတို့တွင် ကုန်သွယ်မှုမြှင့်တင်ရေးရုံး ၅ ရုံး ဖွင့်လှစ်ထားရာ ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့် တပြေးညီ စောင့်ကြည့်နေကြောင်း၊ အဆိုပါရုံးများက သင်္ဘော

တင်ခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများအတွက်လည်း အကူအညီများပေးနေကြောင်း၊ ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်နိုင်သည့် ဒေသများတွင် (၁) ထိုင်းစားသောက်ကုန်နှင့်စိုက်ပျိုးရေးထွက်ကုန်များ၊ ကျန်းမာရေးထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာနည်းပညာကဏ္ဍ (Fintech) တို့ကို အသုံးချလျက် ဈေးကွက် တိုးချဲ့ခြင်း၊ (၂) ကုန်စည်ပြပွဲများတွင် ပါဝင်ခြင်း၊ အွန်လိုင်းချန်နယ်များနှင့် e-commerce ပလက်ဖောင်းများမှတစ်ဆင့် ဈေးကွက်ရှာဖွေခြင်း၊ (၃)ဆူပါမားကက်များနှင့် Thai SELECT အသိအမှတ်ပြုစားသောက်ဆိုင်များနှင့်ပူးပေါင်းကာ စီးပွားရေးမိတ်ဖက်များတည်ဆောက်ခြင်းတို့ကို အဓိကထားဆောင်ရွက်သွားမည်ဟု သိရသည်။

နောက်တစ်ဆင့်တွင် ထိုင်းစားသောက်ကုန်အမှတ်တံဆိပ် တည်ဆောက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ခြင်းနှင့် အထူးသဖြင့် ကြန့်ကြာနေသော UAE နှင့် ချုပ်ဆိုမည့် CEPA သဘောတူညီချက်ဆွေးနွေးမှုများကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **ထိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက** ထုတ်ပြန်ထားသည်။

ယေဘုယျအားဖြင့် ထိုင်းနိုင်ငံသည် အရှေ့အလယ်ပိုင်းနှင့် ကုန်သွယ်မှုတွင် အရှုံးပေါ်နေပြီး ၂၀၂၅ ခုနှစ်က ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၂၂ ဘီလီယံဖြင့် ၅ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ထိုင်း၏ အဓိကပို့ကုန်များမှာ မော်တော်ကား၊ လျှပ်စစ်ပစ္စည်း၊ ကျောက်မျက်ရတနာ၊ စိုက်ပျိုးရေးနှင့်စားသောက်ကုန်များဖြစ်ပြီး ရေနံစိမ်း၊ ကျောက်မျက်ရတနာ၊ သဘာဝဓာတ်ငွေ့နှင့် မြေသြဇာများကို တင်သွင်းလျက်ရှိသည်။

ထိုင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပထဝီနိုင်ငံရေးတင်းမာမှုများ၊ အရှေ့အလယ်ပိုင်းစစ်ပွဲ၊ ကုန်သွယ်ရေးမူဝါဒမသေချာမှုများနှင့် ကမ္ဘာ့စီးပွားရေးနှေးကွေးမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ ထိုင်းနိုင်ငံ၏စီးပွားရေးကို အဓိကမောင်းနှင်သည့် ပို့ကုန်မြှင့်တင်သွားရန်လိုကြောင်း၊ ၂၀၂၅ ခုနှစ်က ထိုင်းပို့ကုန်တန်ဖိုးမှာ ဘတ် ၁၁ ဒသမ ၁ ထရီလီယံ ကျော်ရှိကြောင်း ပြောကြားခဲ့သည်။

အစ္စရေး၊ တယ်လ်အဗ်ိဗ်ရှိ ပို့ကုန်မြှင့်တင်ရေးရုံး၊ ညွှန်ကြားရေးမှူး Natthapong က မရှောင်လွှဲနိုင်သော စွမ်းအင်ဈေးနှုန်းကြီးမြင့်လာမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ် မတည်ငြိမ်မှုများကြောင့် ထိုင်းနိုင်ငံ၏လူနေမှုစရိတ်နှင့် ကုန်ထုတ်လုပ်မှုစရိတ်များအပေါ် ဖိအားရှိလာမည်ဖြစ်ကြောင်း၊ ထိုင်းမှအစ္စရေးသို့ တင်ပို့နေသော ဆန်နှင့် စားသောက်ကုန်များသည် အခြေခံလိုအပ်ချက်ကုန်စည်များဖြစ်၍ ဝယ်လိုအားမြင့်မားဆဲဖြစ်ကာ ဇိမ်ခံပစ္စည်းများထက် သက်ရောက်မှု လျော့နည်းကြောင်း၊ စစ်ပွဲကြာရှည်လာသည်နှင့်အမျှ ပုံမှန်သိုလှောင်ချိန်ကုန်ဆုံးသွားပါက စီးပွားရေးလုပ်ငန်းများသည် သင်္ဘောလမ်းကြောင်းများကို ပြောင်းလဲလျှင် ကုန်ကျစရိတ်များ တစ်ဖြည်းဖြည်း မြင့်တက်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ထိုင်းနှင့် အစ္စရေးအကြား စုစုပေါင်းကုန်သွယ်မှုမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ထိုင်းမှ အစ္စရေးသို့ တင်ပို့မှုမှာ တစ်နှစ်လျှင် ဒေါ်လာသန်း ၈၀၀ ခန့်ရှိရာ ထိုင်း၏ ကုန်သွယ်မှုပိုငွေသည် တစ်နှစ်လျှင် ခန့်မှန်းခြေဒေါ်လာသန်း ၃၀၀ မှ ၄၀၀ အထိ ရှိကြောင်း The Nation သတင်းစာတွင် ဖော်ပြထားသည်။

Source : https://www.nationthailand.com/

# STOCK EXCHANGE (3.4.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 31st Mar. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 13,500 | -1,500 | -10.00% | 14,500 | 14,500 | 13,500 | 402 | 5,549,000 | 33,109,694 | 446,981 |
| MTSH | 00002 | 6,200 | +0 | +0.00% | 6,200 | 6,200 | 6,100 | 8,370 | 51,884,000 | 38,929,150 | 241,361 |
| MCB | 00003 | 9,200 | -400 | -4.17% | 9,200 | 9,200 | 9,200 | 3 | 27,600 | 10,400,986 | 95,689 |
| FPB | 00004 | 4,300 | -100 | -2.27% | 4,300 | 4,500 | 4,200 | 19,320 | 83,075,200 | 29,664,613 | 127,558 |
| TMH | 00005 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 0 | 0 | 12,823,224 | 43,599 |
| EFR | 00006 | 1,850 | +50 | +2.78% | 1,850 | 1,850 | 1,800 | 1,400 | 2,532,500 | 19,977,223 | 36,958 |
| AMATA | 00007 | 3,900 | +0 | +0.00% | 3,900 | 3,900 | 3,900 | 0 | 0 | 10,497,598 | 40,941 |
| MAEX | 00008 | 3,850 | +50 | +1.32% | 3,850 | 3,850 | 3,850 | 278 | 1,070,300 | 23,804,946 | 91,649 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 31st Mar. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 596.30 | -28.95 | -4.63% | 616.06 | 617.00 | 592.14 | 29,773 | 144,138,600 | 8 | 1,124,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st Mar. 2026

| Trading Volume | Trading Value |
|---|---|
| 29,846 (Shares) | 144,379,550 (MMK) |

## Main Board

As of 1:00 pm, 31st Mar. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 29,773 (Shares) | 144,138,600 (MMK) |

| MYANPIX | 596.30 ▼ 28.95 |
|---|---|
| Total Volume (shares) | 29,773 |
| Total Value (MMK) | 144 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,124,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 13,500 | ▼ 1,500 |
| MTSH | 00002 | 6,200 | ▲ 0 |
| MCB | 00003 | 9,200 | ▼ 400 |
| FPB | 00004 | 4,300 | ▼ 100 |
| TMH | 00005 | 3,400 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,850 | ▲ 50 |